"အသံ"

# လူသားကံကြမ္မာတူတစ်ကိုယ်တည်းထုသည် တစ်ကမ္ဘာလုံးသဘောတူညီမှုဖြစ်လာနေသည်

၂၀၁၇ခုနှစ် တရုတ်နိုင်ငံ ထူးခြားချက်လက္ခဏာရှိ ပြည်ပဆက်ဆံရေးကို ပြန်လည်ကြည့်သည့်အခါ အစမှအဆုံး အထိပါဝင်နေသည့် သိသာထင်ရှားသော ပင်မလိုင်းကြောင်းတစ်လိုင်းကို ကျွန်တော်တို့တွေ့မြင်ရပါမည်။ ယင်းမှာ လူသားကံကြမ္မာတူတစ်ကိုယ်တည်းထုကို တည်ဆောက်ရန် တွန်းတင်ခြင်းပင်ဖြစ်ပေသည်။

ဤတစ်နှစ်အတွင်း တရုတ်နိုင်ငံသည် လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုအတွေးအခေါ်ကို တစ်ကမ္ဘာလုံးသဘောတူညီမှုအဖြစ်သို့ အောင်မြင်စွာပြောင်းလဲပေးနိုင်ခဲ့သည်။ ယင်းကို ကုလသမဂ္ဂ သက်ဆိုင်ရာ ဆုံးဖြတ်ချက်များအတွင်းသို့ စာရင်းထည့်သွင်းနိုင်ရန် တွန်းတင်ပေးနိုင်ခဲ့သည်။

ဤတစ်နှစ်မှာ တရုတ်နိုင်ငံသည် လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထု၏ စင်မြင့်အသစ်ကိုတည်ဆောက်ပြီး သမိုင်းကြောင်းစာမျက်နှာအသစ်ကို အတူရေးဆွဲခဲ့ပါသည်။ ပထမအချက်မှာ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးဖိုရမ်ကို ကျင်းပခြင်းဖြင့် လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုသည် အဖက်ဖက်မှတူညီသော မျှော်မှန်းချက်ဖြစ်သည်ကို သေချာစွာအတည်ပြုလိုက်သည်။ ဒုတိယအချက်မှာ တရုတ်နိုင်ငံကွန်မြူနစ်ပါတီနှင့် ကမ္ဘာ့နိုင်ငံရေးပါတီထိပ်သီးများနှင့် အပြန်အလှန်စကားပြောဆိုပွဲကို ကျင်းပခဲ့ခြင်းဖြင့် "လူသားကံကြမ္မာတူတစ်ကိုယ်တည်းထုဆောက်လုပ်ရေး၊ သာယာကောင်းမွန်သောကမ္ဘာကို အတူဆောက်လုပ်ရေး– အစိုးရပါတီ၏တာဝန်" ခေါင်းစဉ်နှင့်ဝိုင်းရံနေသော နက်ရှိုင်းသည့်ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့သည်။ တတိယအချက်သည် South-Southလူသားအခွင့်အရေး ဖိုရမ်ကိုတည်ထောင်ခဲ့ရာ ပူးပေါင်းဆောင်ရွက်ရေးဖြင့် ဖွံ့ဖြိုးတိုးတက်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုဖြင့်လူ့အခွင့်အရေးကို တွန်းတင်ပြီး လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုကို အတူတည်ဆောက်သည်။ ယင်းစင်မြင့်အသစ်များသည် လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထု ဆောက်လုပ်ရေး၏ အလေးပါသည့်တာဝန်များကို ထမ်းဆောင်ထားပြီး အတူညှိနှိုင်း၊ အတူဆောက်လုပ်သည့် ဉာဏ်ပညာနှင့်အင်အားကို စုစည်းစေမည် ဖြစ်ပါသည်။

ဤတစ်နှစ်တွင် တရုတ်နိုင်ငံမှ လူသားကံကြမ္မာတူတစ်ကိုယ်တည်းထုကို ဘေးပတ်ဝန်း ကျင်နိုင်ငံနှင့်ဒေသများတွင် အခြေစိုက်နိုင်ရန် တွန်းတင်လုပ်ဆောင်မှုများသည် တိုးတက်မှုအသစ်များရရှိနိုင်ခဲ့ပြီး သမိုင်းကြောင်းခြေလှမ်းအသစ်ကို လျှောက်လှမ်းနိုင်ခဲ့သည်။ တရုတ်နိုင်ငံသည် အချင်းချင်းချိတ်ဆက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုချိတ်ဆက်ခြင်းကို ခိုင်မာစွာလုပ်ဆောင်ပြီး အလေးပါသော ဖြစ်ဆဲပြဿနာများကို သင့်လျော်စွာဖြေရှင်းလုပ်ဆောင်သည်။ ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုစနစ်ကိုမှီပြီး လုပ်ဆောင်ချက်များစွာနှင့်အတူ ပိုမိုနီးကပ်သော တရုတ်-အာဆီယံ ကံကြမ္မာတူတစ်ကိုယ်တည်းထု၊ မဟာဗျူဟာမြောက်အဓိပ္ပာယ်ရှိသော တရုတ်-လာအို ကံကြမ္မာတူတစ်ကိုယ်တည်းထု၊ တရုတ်-ဗီယက်နမ်ကံကြမ္မာတူတစ်ကိုယ်တည်းထုကို အစွမ်းကုန်တည်ဆောက်ခဲ့ကြရာ အကျိုးအမြတ်မှာ သိသာထင်ရှားလှပါသည်။

လူသားကံကြမ္မာတူတစ်ကိုယ်တည်းထုအတွေးအခေါ်သည် လူသားများ၏ တန်ဖိုးအတွေးအခေါ်ကို ဖော်ပြနေပါသည်။ ၂၀၁၇ခုနှစ်ကို ပြန်လည်ကြည့်သည့်အခါ တရုတ်နိုင်ငံသည် စစ်မှန်သောလုပ်ဆောင်မှုများဖြင့် လူသားကံကြမ္မာတူတစ်ကိုယ်တည်းထုကို တည်ဆောက်သည့် ကြီးမားသောအင်အားကို စုစည်းထားသည်။ အနာဂတ်ကိုကြည့်လျှင် တရုတ်နိုင်ငံသည် လူသားလူမှုရေးအတွက် စစ်မှန်သောတရုတ်နိုင်ငံထောက်ပံ့မှုကို ဆက်လက်လုပ်ဆောင်နေမည်ဖြစ်ပေသည်။

ချိန်ရှယ်လုံ(စာရေးဆရာသည်တရုတ်နိုင်ငံ နိုင်ငံတကာရေးရာ သုတေသနအကယ်ဒမီ နိုင်ငံတကာမဟာဗျူဟာသုတေသနစခန်းမှ စခန်းမှူးဖြစ်သည်။)

# ယူနန်၏ စီမံကိန်း(၆)ခုသည် နိုင်ငံတော်သိပ္ပံနည်းပညာတိုးတက်မှုဆုကို ဆွတ်ခူးရရှိ




ယခုရက်ပိုင်းက ပေကျင်းတွင် ၂၀၁၇ခုနှစ် နိုင်ငံတော်သိပ္ပံနည်းပညာတိုးတက်မှုဆုကို ကြေညာချီးမြှင့်ခဲ့သည်။ ယူနန်ပြည်နယ်တွင် စုစုပေါင်းစီမံကိန်း(၆)ခုမှာ နိုင်ငံတော်သိပ္ပံနည်းပညာ တိုးတက်မှုဆု ဒုတိယဆုကိုရရှိခဲ့သည်။ ယင်းအတွင်း အဓိကပြီးမြောက်သည့်ဌာနအတွက် ဆု(၁)ခု ပါဝင်ပြီးမြောက်သည့်ဌာနအတွက် ဆု(၅)ခု ရရှိသည်။

သီးနှံပင်ပိုးမွှားများ မတူကွဲခြားမှု အဓိကကျနည်းပညာနှင့် အသုံးပြုခြင်းကို တရုတ်နိုင်ငံ အင်ဂျင်နီယာအကယ်ဒမီမှ ပညာရှင်ကျူယိုယုံသည် ဦးဆောင်ကာ ယူနန်စိုက်ပျိုးရေးတက္ကသိုလ်မှ အဓိကပြီးမြောက်သည့်ဌာနအဖြစ် လုပ်ဆောင်ခြင်းဖြစ်သည်။ ပါဝင်ပြီးမြောက်သည့်အချက်(၅)ခုအသီးသီးမှာ စားသုံးပိုးအမျိုး၏ အရည်အသွေးရင်းမြစ်သုံးသပ်နည်းပညာနှင့် ကျယ်ပြန့်အသုံးပြုနိုင်သော အမျိုးအစားရွေးချယ်မွေးမြူရေး၊ တစ်နိုင်ငံလုံး Agricultural non-point source nitrogen and phosphorus ညစ်ညမ်းမှုကြီးကြပ်စမ်းသပ်နည်းပညာစနစ် တည်ထောင်ခြင်းနှင့်အသုံးပြုခြင်း၊ တရုတ်တိုင်းရင်းဆေး စန်းချီအထွေထွေဖွံ့ဖြိုးခြင်း၏ အဓိကနည်းပညာတည်ထောင်ခြင်းနှင့် လုပ်ငန်းပုံစံအသုံးပြုခြင်း၊ မှိုရောဂါသုံးသပ်စစ်ဆေးခြင်း၊ ကုသခြင်းနှင့်ကြိုတင်ကာကွယ်ခြင်း ဆေးပစ္စည်း၏သုံးသပ်နည်းပညာတည်ထောင်ခြင်းနှင့် ကျယ်ပြန့်စွာအသုံးပြုခြင်း၊ တရုတ်နိုင်ငံတောရိုင်းစပါးနှံအမျိုးအစား အရည်အသွေးအရင်းအမြစ်ကာကွယ်ခြင်းနှင့် ဆန်းသစ်အသုံးပြုခြင်း စသည်တို့ဖြစ်ပါသည်။

သတင်းထောက် ကျီကျိန်းစစ်မင်

# ကူမင်းချန်ရှွင်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စမတ်စက်ရုပ်များတွေ့ရှိ

ယခုရက်ပိုင်း စမတ်စက်ရုပ်(၂၀)ခုသည် ကူမင်းချန်ရှွင် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရှိခဲ့သည်။ ခရီးသည်များအတွက် လေကြောင်းလိုင်းစစ်ဆေးခြင်း၊ မေးမြန်းခြင်းနှင့် လုပ်ငန်းစဉ်လမ်းညွှန်ခြင်း၊ လုံခြုံရေးစစ်ဆေးမှုအသိပေးခြင်း၊ ဧည့်ကြိုခြင်းနှင့်ယူနန်ခရီးသွားကြော်ငြာခြင်းစသည့် ဝန်ဆောင်မှုများကို လုပ်ဆောင်ပေးနေသည်။

အဆိုပါစက်ရုပ်များသည် ယိုပိရှွင်နည်းပညာ (ကူမင်း)ကုမ္ပဏီလီမိတက်မှ ချန်ရှွင် အပြည်ပြည်ဆိုင်ရာလေဆိပ်၏ စစ်မှန်သောလိုလားချက်အလိုက် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရပါသည်။ ချန်ရှွင်လေဆိပ်အတွက်အချိန်နှစ်ဝက်ရှိသော စမ်းသပ်မှုလုပ်ငန်းလုပ်ဆောင်ဝန်ဆောင်မှုကို ထောက်ပံ့ပေးထားသည်။ ယခုစမတ်စက်ရုပ်ကို ချန်ရှွင်လေဆိပ်တိုက်အမှတ် F3အထပ်အရှေ့ရှိစင်တာဇုန်၊ လုံခြုံရေးစစ်ဆေးမှုဂိတ်၊ စီးပွားရေးစင်တာ၊ ပိုင်စစ်ထက်၊ ကန့်သတ်ဇုန်အတွင်း လမ်းညွှန်စင်၊ ပြည်တွင်းလုံခြုံရေးစစ်ဆေးဖြတ်သန်းဇုန်၊ နိုင်ငံတကာလုံခြုံရေးစစ်ဆေးဖြတ်သန်းဇုန်စသည့် ဗွိုင့်ဇုန်(၁၁)ခုတွင် ဝန်ဆောင်မှုများလုပ်ဆောင်ပေးရန်ထားရှိသည်။

သတင်းထောက် ဟူရှောင်ယုံ



# ယူနန်ရထားလမ်းစင်တာခွဲပြုပြင်ပြောင်းလဲရေးကို ဘက်စုံစတင်ခဲ့

ဇန်နဝါရီလ(၇)ရက်နေ့က ယူနန်ရထားလမ်းစင်တာခွဲ - အသစ်ဆောက်လုပ်သည့် ကွန်တာသံလမ်းထိန်းချုပ်မှုလုပ်ငန်းတာ့လီအရှေ့၊ တာ့လီဂိတ်ကွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဘက်စုံစတင်ခဲ့ရာ ကွန်တာ(ကွန်ဆုံးမှတာလီ)သံလမ်းဖွင့်လှစ်ပြေးဆွဲရန်လုပ်ငန်းမှာ ထိုးဖောက်ရှေ့တိုးသည့် အဆင့်သို့ရောက်ရှိနေကြောင်းသိရပါသည်။

ထိုနေ့နံနက်ပိုင်းတွင် ထောင်ချီသော ရထားသံလမ်းဆောက်လုပ်သူများသည်တပြိုင်တည်းလုပ်ဆောင်ခဲ့ကြသည်။ အသစ်ဆောက်လုပ်သည့် ကွန်ထုံးမှတာ့လီသံလမ်းသည် တရုတ်-မြန်မာနိုင်ငံတကာသံလမ်းလမ်းကြောင်း၏ အလေးပါသည့် ဖွဲ့စည်းအပိုင်းဖြစ်သည်။ ယူနန်မှ နိုင်ငံ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေးအတွင်းသို့ ရောပါဝန်ဆောင်ပေးသည့် အလေးပါသည့် လမ်းပန်းသွားလာရေးအခြေခံအဆောက်အအုံဖြစ်သည်။ ယူနန်၏ သံလမ်းဆောက်လုပ်ရေးစီမံကိန်းအသီးသီးကို အရှိန်အဟုန်ဖြင့် တွန်းတင်လုပ်ဆောင်လာသည်နှင့်အတူ တာ့လီသည် ကူမင်း၊ ရှန်ဂရီလာ၊ လင်ချန်းနှင့် ရွှေလီစသည့် လမ်းကြောင်းများကိုချိတ်ဆက်သည့် ယူနန်ရထားသံလမ်းဒုတိယအချက်အချာနေရာ ဖြစ်လာနေပါသည်။

သတင်းထောက် ဟူရှောင်ယုံ